
ဝန်ဇင်း
Read on the move
ရှေးကထက် ပိုချစ်ကြတယ်
သိုင်း

''အဲဒါကြောင့် နင့်ကို ရှုးနေတယ်လို့ ပြောတာပေါ့''

ပျစ်ပျစ်နှစ်နှစ် ရွှတ်ချလိုက်သော တမံ စကားကြောင့် ဖူးစာ မျက်ခုံးတန်းတန်းလေး ကုပ်ကျသွားသည်။ ပြီးတော့ အံကလေး တင်းတင်း ကြိတ်ကာ တမံကို စူးစူးရဲရဲလေး ကြည့်ပစ်သည်။

''အဲဒါ ဘာစတိုင်လဲဟ''

တမံ လှောင်ပြုံးလေးနှင့် တုံ့ပြန်ကြည့်ကာ မေးပြန်သည်။

''တမံနော် နင် ငါ့ဆို တစ်ခါမှ အကောင်းမပြောဘူး''

''နင်လုပ်တာတွေကကော ဘာတစ်ခု ကောင်းတာရှိလို့လဲ ဖူးစာရဲ့''

''တော်ပြီဟာ တော်ပြီ၊ အဲဒါကြောင့် နင်နဲ့စကားမပြောချင်တာ''

''နားပူသက်သာတာပေါ့''

ပြောသမျှ ဘုတွေပဲ ပြန်ပြောနေသော တမံ ရှေ့က ဖူးစာ ခြေကလေးဆောင့်ကာ လှည့်ထွက်ခဲ့တော့ တမံ အနောက်ကနေ လှမ်း အော်လိုက်သေးသည်။

''စကပ်ကို ဖြည်းဖြည်းမပါဟဲ့၊ ငါ မတော်တရော်တွေ မကြည့်ရဲ ဘူး''

''ခွေးကောင် တမံ''

ဖူးစာ ပါးစပ်က ထောပနာပြန်ပြုလိုက်မိသလို ဝတ်ထားသည့် စကပ်ပွပွကြီးကိုလည်း တမင်ပိုပြီး ဆွဲမကာ လျှောက်ပစ်လိုက်သည်။

တမံအနောက်က တဟားဟား အော်ရယ်နေတာကို ဖူးစာလှည့် မကြည့်ဖြစ်။ မဆုံလိုက်နှင့် ဆုံလိုက်တာနှင့် လူကို မခံချင်အောင် ဘုပြောတတ်သည့် တမံပါပဲ။

တမံကို ဖူးစာ ကြည့်မရတာ အဲဒါတွေကြောင့်ပဲ ဖြစ်သည်။

ဖူးစာ ပြောတာ လုပ်တာမှန်သမျှ မထောက်ခံချင်နေပါ။ အခုလို ရှုတ်ချတာကိုတော့ မခံနိုင်ပါ။ ဘာပဲပြောပြော ဆန့်ကျင် ဘုပြောလိုက်ရမှ တမံ ကျေနပ်တာ ဝသီတစ်ခုလို ဖြစ်နေသည်ထင်ရဲ့။

တကယ်ဆို နောက်ဆုံးတော့ ဖူးစာကို သူ အလျှော့ပေးခဲ့တာ ချည်း ဖြစ်သည်။ လျှော့မည့်လျှော့ အစကတည်းက လျှော့ပေးလိုက်တော့ ဘာဖြစ်မှာမို့လဲ။ သူလည်း နားအေးရမည်။ ဖူးစာလည်း စိတ်ချမ်းသာရ မည့်ကိစ္စ။

အခုတော့ တမံအပြောကြောင့် ဖူးစာပဲ ဒေါသလေးတွေ ဆူဝေ ကာ ပြန်ခဲ့ရ၏ ။ တမံကို ပြောမိလျှင် ဒီလို တုံ့ပြန်အပြောခံရမှာသိလျက်နှင့် ကိုယ်ကလည်း မနေနိုင်မထိုင်နိုင် သွားပြောမိသည်။

ဒါကို ဆင်ခြင်နောင်တရသလား မေးခဲ့လျှင်လည်း ဖူးစာ ခေါင်း ခါမိမှာပါပဲ။ တမံ ဆိုတာ သူစိမ်းမှမဟုတ်ဘဲ မိဘချင်းကလည်း ငယ်သူငယ် ချင်းအရင်းတွေဖြစ်ကာ ခြံချင်းကလည်း ငါးခြံပဲ ကွာသည်။

တမံကော ဖူးစာပါ မိဘတွေရဲ့ တစ်ဦးတည်းသော သားသမီး တွေ ဖြစ်တာပါ တူညီသည်။

တမံ မိဘတွေက ဖူးစာကို သမီးရင်းချာလို ချစ်ခင်သလို ဖူးစာရဲ့ ဖေဖေနဲ့မေမေကလည်း တမံကို သားအရင်းလို သဘောထား တာပဲ ဖြစ်သည်။ ငယ်ငယ်ကတည်းက ကစားဖော်၊ ရန်ဖြစ်ဖော် မ တည့်အတူနေ တမံနှင့် ဖူးစာက သက်တူရွယ်တူလို့ ပြောလို့ရသည်။

တမံက ဖူးစာထက် နှစ်လသာသာလောက်ပဲ ကြီးတာဖြစ်သည်။

ဟိုးငယ်စဉ်ကတည်းက ရန်ဖြစ်စိတ်ကောက်ပြီးလျှင် ပြန်မခေါ် ဘဲလည်း နေနိုင်ကြတာ မဟုတ်။ ဖူးစာတို့ နှစ်ယောက် အကြောင်း သိနေသော

မိဘတွေကလည်း တမံနှင့်ဖူးစာ ဘာပဲဖြစ်ဖြစ် မသိသလို နေကြသည်။

ဖေဖေနှင့်မေမေ ဆန္ဒက ဖူးစာကို တစ်နေ့ကျရင် တမံနှင့် လက်ထပ်ပေးမှာကို ဖူးစာ သိနေသည်။ တမံကလည်း သိနေမှာပါပဲ။

လူကြီးတွေက သူတို့ရင်တွင်းက ဆန္ဒတွေကို ဖူးစာတို့ကို ဖွင့်ဟပြောထားခြင်း မရှိသေးပေမယ့် ဖူးစာတို့က အလိုလို သိနေကြတာပဲ ဖြစ်သည်။

ဖူးစာနှင့်တမံကလည်း အခြားသောကိစ္စတွေမှာသာ ပွင့်လင်းစွာ ပြောဆိုကြပေမယ့် ထိုကိစ္စကိုတော့ မသိဟန်ဘဲ ဆောင် နေဖြစ်ကြ၏ ။

မူလတန်းကျောင်း စတက်ကတည်းက ယခုနောက်ဆုံးနှစ် တက္ကသိုလ် တက်နေကြချိန်အထိ ဖူးစာနှင့်တမံ တတွဲတွဲရှိသည်။ ဒါကြောင့်လည်း သူငယ်ချင်းတွေက ဖူးစာနှင့်တမံကို ချစ်သူတွေအဖြစ် မြင်ချင်ကြသည်။

''နင်တို့နှစ်ယောက်က တကယ်လိုက်ဖက်ညီတယ် ဖူးစာ၊ ရုပ်ရည်ချောမောတာကော ချမ်းသာပြည့်စုံတာကော တူညီတယ်''

''ဟုတ်တယ် နင်တို့မိဘတွေကလည်း ငယ်သူငယ်ချင်း အရင်းအချာတွေဆိုတော့ နင်တို့နှစ်ယောက်ကို ကြည်ဖြူနေတာ ငါတို့သိ တယ်၊ နင်တို့ ဘာလို့ အခုချိန်ထိ အတိအလင်း ချစ်သူတွေ မဖြစ်သေး တာလဲ''

သူငယ်ချင်းတွေက မချင့်မရဲ မေးလာတိုင်း ဖူးစာ ပြုံးပြုံးလေး နှင့်ပဲ ငြိမ်နေမိသည်။

''ဘာလဲ တစ်ချိန်ကျရင် မိဘတွေ ပေးစားမှာပဲဆိုပြီး နေနေကြ တာလား ဖူးစာ၊ မိဘဝတ္တရားလို့ သတ်မှတ်ထားကြတာပေါ့လေ''

တမံနှင့် ယှဉ်တွဲနောက်ပြောင်ခြင်းကို အရွယ်ရောက်ကတည်းက ခံယူလာခဲ့ရတာ မို့ ထင်ပါသည်။ ဖူးစာ စိတ်လည်းမဆိုး၊ ကျေနပ်ခြင်း လည်း မဖြစ်မိတာအမှန်။ ဒါ တမံအပေါ်မှာ ဖူးစာရဲ့ခံင်မင်မှုက ရိုးသား တာကြောင့်

ထင်သည်။

တမံကလည်း ဖူးစာလိုပဲ သဘောထားသည် ထင်မိ၏ ။

ဖူးစာနှင့်ပြောဆိုဆက်ဆံတာ ငယ်သူငယ်ချင်း တစ်ယောက် အဆင့်ထက် မကျော်လွန်ခဲ့ပါ။ တစ်ခါတရံ ဖူးစာ မခံချင်သော စကားလုံး တွေနှင့် ထိုးနှက်တတ်တာကလွဲလျှင် ဖူးစာကို ညီမတစ်ယောက်လို သည်းခံတာက ဖူးစာ အသိဆုံး။

အခုလည်း ဖူးစာ စိတ်ဆိုးပြီး အိမ်ထဲဝင်လာတော့ တမံ နေနိုင်မှာမဟုတ်ဘဲ လိုက်ဝင်လာဦးမှာ သေချာ၏ ။

''ဟော သမီးလေး သားနဲ့ စိတ်ကောက်လာပြန်ပြီလား''

စကပ်လေး မပြီး ဧည့်ခန်းထဲ ဖူးစာ ဝင်လာတာမြင်တော့ တမံမေမေ ဒေါ်သီရိဆွေက ပြုံးပြုံးလေး မေးသည်။

ဆွဲမထားထည့် စကပ်ကို ပြန်လွှတ်ချလိုက်ပေမယ့် ဖူးစာ ဘာမှ မပြောဘဲ နှုတ်ခမ်းလေးတွေ ပိုစူပစ်လိုက်ရင်း အန်တီဆွေ နံဘေးမှာ ဆတ်ခနဲ ဝင်ထိုင်ပစ်လိုက်၏ ။

''ဟုတ်ပါပြီ သေချာပါပြီ၊ သားကတော့ ဘာတွေ စလိုက်ပြန်ပြီ လဲ မသိပါဘူး''

အန်တီဆွေ ပြောနေတုန်းမှာပဲ တမံ ဧည့်ခန်းထဲဝင်လာသည်။ ပြုံးစစ မျက်နှာက မုန်းချင်စရာကောင်းလောက်အောင် အချိုးမပြေ။

''သား ဘာတွေစလိုက်ပြန်တာလဲ၊ သားကတော့ တကယ်ပဲ သမီးလေး မခံချင်အောင် စရမယ်ဆို နှစ်ယောက်မရှိဘူး''အန်တီဆွေ မေးနေတာကို တမံ ဘာမှပြန်မပြောဘဲ အပြုံး မပျက် ရှိနေတော့ ဖူးစာ မျက်နှာကို ချာခနဲ တစ်ဖက်လှည့်ပစ်လိုက် သည်။

''ကဲ ကဲ ဖူးစာလေးကို ချော့လိုက်ဦး၊ သားနဲ့သမီး ထမင်းစားဖို့ မေမေ သွားပြင်လိုက်ဦးမယ်''

အန်တီဆွေ ပြောပြီး မီးဖိုခန်းဘက် လှမ်းထွက်သွား၏ ။ ဖူးစာ လှည့်မကြည့်ပါဘဲ တမံ မျက်နှာချင်းဆိုင် ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်တာ သိနေ၏ ။

''ဖူးစာ''

တမံ ခေါ်တာကို ကြားပေမယ့် တမင် မထူးဘဲ နေလိုက်သည်။ မမြင်အောင် လွှဲထားသော မျက်နှာကိုလည်း မလှည့်ဖြစ်။

''နင် ထမင်းမစားသေးဘူးလား၊ ငါ ဗိုက်ဆာနေပြီ''

''နင့်ဘာသာ သွားစားပါလား''

''စားမလို့ နင့်ကိုခေါ်နေတာလေ၊ မေမေ ပြင်ဆင်ပြီးလောက်ပြီ''''ငါ့ဘာသာ စားချင်စားမယ်၊ နင့်အပူမဟုတ်ဘူး''

''ဒါဆိုလည်း ပြီးရော''

ပြောပြီး တမံ ထထွက်သွားတော့ ဖူးစာ စိတ်လေးတိုသွားရကာ လှည့်ကြည့်မိသည်။ မပြောဘူး တင်းထားပေမယ့် မိနစ်တောင် မခြားဘဲ ဖူးစာ တမံကို စကားပြန်ပြောမိ၏ ။

ဒီတစ်ခါ သူ ပြောသမျှကို ကိုယ်က ကန့်လန့်တွေပဲ ပြန်ပြော ပစ်တော့ သူ ရှောင်ထွက်သွားသည်။

ဝတ်ထားတာက အပြာနုနု တီရှပ်လက်တိုနှင့် အနက်ရောင် ကွာတား ဘောင်းဘီနှင့်မို့ မြင့်မြင့်မားမား အရပ်အမောင်းနှင့် လိုက်ဖက် လွန်းနေသည်။

တမံက ယောကျ်ားပီသစွာနှင့် ချောလွန်းတာကိုတော့ ဖူးစာ မငြင်းချင်ပါ။ ယောကျ်ားတန်မယ့် ဝင်းဝါလွန်းနေသော တမံ အသား အရည်ကို ဖူးစာတောင် ဝန်တိုစိတ်လေး ဖြစ်မိတဲ့အထိ။

တမံရဲ့ အသားအရည် လှပပြေပြစ်မှုက မိန်းမသားဖြစ်သော ဖူးစာရဲ့ အသားအရည်နှင့်ယှဉ်မိလျှင် ဖူးစာ မကျေမနပ်တောင် ဖြစ်ရ၏ ။

နက်မှောင်သော ဆံပင်က ဂုတ်မထောက်တထောက် ရှည်ကာ ဖြောင့်စင်းနေ၏ ။ မျက်ခုံးတွေက ထူပိန်း မည်းနက်နေတာ မဟုတ်ဘဲ ပြေပြေလေး ပေါ်လွင်သည်။ တိုစိပ်စိပ် မျက်ဝန်းတွေနှင့် ကျစ်လျစ် ပေါ်လွင်သော နှာတံကလည်း ကြည့်ကောင်းပါသည်။ ပန်းရောင်သမ်းနေသော နှုတ်ခမ်းတွေနှင့် စိမ်းမြနေသော နှုတ်ခမ်းပါးသိုင်းရာတွေကြောင့် ယောကျ်ားပီသ ချောမောသွားစေတာ လည်း ဖြစ်သည်။

တမံရဲ့ အရပ်အမောင်းနှင့် လိုက်ဖက်သော ဘော်ဒီဖွံ့စည်းပုံ မှာလည်း အပိုအလိုမရှိပါ။ သူ့နေရာနှင့်သူ ဘာချွတ်ယွင်းချက်မှ မရှိတာမို့ ဘာပဲဝတ်ဝတ် အဆင်ပြေလွန်းနေ၏ ။

တမံ ဘယ်လောက်ပဲ ချောချော ဖူးစာရင်ခုန်လို့ မရတာ အမှန်ပဲ ဖြစ်သည်။

''သမီး လာလေ ထမင်းအတူ စားရအောင်၊ အန်တီဆွေ ပြင်ထားပြီပြီ''

အန်တီဆွေကိုယ်တိုင် ရောက်လာပြီး ခေါ်နေတာမို့ ဖူးစာ ဆက်ပြီး စိတ်ကောက်နေလို့ မသင့်တော်တော့ပါ။ အန်တီဆွေ ဆွဲခေါ်ရာ နောက်ကို ငြိမ်ငြိမ်လေး လိုက်ခဲ့မိသည်။

ထမင်းဝိုင်းရောက်တော့ တမံ ထိုင်စားပြီးနေပြီ။ ဖူးစာ ပါလာ တာ မြင်တော့ မော့ကြည့်ရင်း ပြုံးသေးသည်။

ဖူးစာ မပြေသေးသော ဒေါသစိတ်လေးနှင့် တမံ နံဘေးက ထိုင်ခုံမှာ ဝင်ထိုင်တော့ တမံက ဟင်းပန်းကန်ထဲက အသည်းအမြစ် တစ်တုံးကို ခပ်ထည့်ပေး၏ ။ ကြက်အသည်းအမြစ်ဟင်းဆို ဖူးစာ ကြိုက်တာ တမံ သိပြီးသား။

''နင် စိတ်ကောက်ရတာ ပြေသွားပြီဆိုတော့ ထမင်းပိုစား ဝင်မှာပါ၊ အမုန်းသာဆွဲ ဖူးစာ''

''သားကတော့ စပြေန်ပြီ၊ သမီး စား၊ သား ပြောတာ နားထောင် မနေနဲ့''

တမံကို အန်တီဆွေက ဝင်ဟန့်ရင်း ပုစွန်ထုပ်ဟင်းတွေပါ ဖူးစာ ပန်းကန်ထဲ ခပ်ထည့်ပေးသည်။

အန်တီဆွေရဲ့ လက်ရာ ဟင်းနံ့လေးက သင်းသင်းလေး မွှေးနေ တော့ ဖူးစာစိတ်ဆိုးပြေကာ အားပါးတရပဲ စားလိုက်ပါသည်။

တမံနဲ့ဖူးစာကတော့ ဒီလိုပဲ နှစ်အိမ်တစ်အိမ်ကို ကြုံသောအိမ် တက်စားကြတာ အဆန်းမဟုတ်တော့ပါ။

''ဩော် သမီး၊ သဘက်ခါကျ သမီး စောစောလာခဲ့နော်၊ ရိုက်ကွင်းအဖွဲ့သားတွေကို အန်တီဆွေ ရွှေတောင်ခေါက်ဆွဲ ကျွေးမလို့''

''မေမေကလည်း မှာနေသေးတယ်၊ မလာမှာ မပူနဲ့၊ ဒေါ်ရွှေဖူး စာကံက မကျွိုင်မောင် ခရေစီပဲဟာ''

ဖူးစာ ဘာမှမပြောရသေးခင် တမံက ဝင်ပြောတာမို့ ဖူးစာ မျက်စောင်းလေး ဒိုင်းခနဲ လှမ်းထိုးပစ်လိုက်ရင်း

''ငါ့ဘာသာ ခရေစီ ဖြစ်တာ ဘာဖြစ်လဲ၊ စိတ်ချ အန်တီဆွေ၊ သမီးက အဲဒီ မနက် မတိုင်ခင်ကတည်းက ညလာအိပ်မှာ၊ မမစောပါ လိုက်လာမှာ''

''လာခဲ့ သမီး၊ လာခဲ့ သမီးတို့ ညီအစ်မနှစ်ယောက်စလုံး လာခဲ့ကြ''

တမံကို အမြင်ကပ်ကပ်နှင့် ဖူးစာ ခပ်ကဲကဲလေး ပြောပစ်လိုက် တာကို အန်တီဆွေကပါ ကြည်ဖြူလက်ခံနေတော့ တမံ ပခုံးတစ်ဖက် တွန့်ကာ နှာခေါင်းရှုံ့ပြသည်။

စောစောက ခြံထဲမှာ ဖူးစာနှင့်တမံ ရန်ဖြစ်ကြတာလည်း

ဒီပြဿနာကြောင့်ပါပဲ။

ဖူးစာက မြန်မာရုပ်ရှင် ဗီဒီယိုဇာတ်ကားတွေကို ကြိုက်နှစ်သက် သူပီပီ ဒီနေ့ နာမည်ကျော် မင်းသားဖြစ်သော မဏ္ဍိုင်မောင်ဆို အသည်း စွဲ။

တမံကတော့ မြန်မာဇာတ်ကားတွေကို မကြိုက်သည့်အပြင် ဝေဖန်ကဲ့ရဲ့တတ်သူ ဖြစ်သည်။

ယခု တမံမိတ်ဆွေ ပိုင်ဆိုင်သော လူသုံးကုန်ပစ္စည်း ကုမ္ပဏီ ကြော်ငြာအတွက် မဏ္ဍိုင်မောင်နှင့် ကြော်ငြာရိုက်မည်ဆိုတော့ ဖူးစာ ဝမ်းသာသွားခဲ့တာ အမှန်ပဲ ဖြစ်၏။

ဖူးစာ ခရေစီ ဖြစ်သော မင်းသား မဏ္ဍိုင်မောင်ကို အနီးကပ် တွေ့မြင်ခွင့်ရမည့် အခွင့်အရေးအတွက် ဖူးစာ အိပ်မပျော် စားမဝင် ဖြစ်နေသည်။ ဒါကိုပဲ တမံက ကြည့်မရ ဖြစ်နေခဲ့၏။

''င့ါရင်တွေ အရမ်းခုန်လိုက်တာ တမံရယ်၊ မဏ္ဍိုင်မောင်သာ င့ါကို ရည်းစား စကားပြောရင် ငါတော့ ချက်ချင်း ပြန် ကြိုက်လိုက်မှာ သိလား''

ရယ်သလို မောသလို ဖူးစာ နောက်ပြောင်ဆိုမိတာကို တမံက အရူးဟု ရက်ရက်စက်စက် ပြောရက်သည်။

အခုလည်း အန်တီဆွေနဲ့ဖူးစာ ဒီအကြောင်း စမိရုံပဲ ရှိသေး သည်။ မကြားချင်သလိုနှင့် ထမင်းဝိုင်းက ထထွက်သွား၏။အလကား တမံ။ ဟိုက နာမည်ကျော်မင်းသား ဆိုတော့ အလိုလို မနာလိုဝန်တို ဖြစ်နေတာ။ မသိတာမှတ်လို့။

*

''အဲဒါ မနက်ဖြန်ကျရင် မမစောပါ လိုက်ခဲ့နော်၊ အန်တီဆွေ တို့အိမ်မှာ

ညသွားအိပ်ရမှာ''

အိမ်ရောက်သည်နှင့် ဖူးစာ မမစောကို ပြောမိသည်။ မမစော ကလည်း မင်းသား မဏ္ဍိုင်မောင်၏ အမာခံပရိသတ်မို့ မငြင်းဘဲ ခေါင်းညိတ်၏ ။

''လိုက်မယ် လိုက်မယ် မမစောလည်း မဏ္ဍိုင်မောင်ကို အနီး ကပ် မြင်ဖူးချင်နေတာ ကြာပြီ''

မမစော စကားကိုသာ ကြားလျှင် တမံ ဘာများ ဝေဖန်ဦးမည် မသိပါ။ မင်းသား မဏ္ဍိုင်မောင်လို ရုပ်ရည်ချောမောပြီး သရုပ်ဆောင် လည်း ကောင်းသော သူ့ကို ဖူးစာတစ်ယောက်တည်း သဘောကျတာ မဟုတ်ပါ။

ဆယ်ကျော်သက် မိန်းကလေးတိုင်းလိုလိုက မင်းသား မဏ္ဍိုင် မောင်ကို သည်းသည်းလှုပ်ကြသည်။

''ဖူးစာ အဲဒီ နေ့ကျရင် မင်းသားကို အော်တိုရေးခိုင်းပြီး အလှ ဓာတ်ပုံပါ တောင်းရအောင်နော်''

''ဒါပေ့ါ မမစောရဲ့၊ မင်းသားနဲ့တွဲပြီး ဓာတ်ပုံပါ ရိုက်ဦးမှာ၊ မမစောလည်း ရိုက်ပေ့ါ''

''ရိုက်မှာပေ့ါ၊ ဒီလို အခွင့်အရေးကရခဲတာပဲ ဖူးစာရဲ့၊ ကြော်ငြာ က တမံတို့ ခြံထဲမှာပဲ ရိုက်မှာလား''

''အဲဒီ နေ့ကျရင် တမံတို့ ခြံထဲမှာရိုက်ဖို့ အန်တီဆွေကို ဖူးစာပဲ အကြံပေးလိုက်တာလေ၊ ဒါမှ မဏ္ဍိုင်မောင်ကို အနီးကပ် အေးအေးဆေး ဆေး တွေ့နိုင်မှာပေ့ါ''

''ကောင်းတယ် ကောင်းတယ် ဖူးစာက အကြံကြီးပဲ၊ ကဲ မမစော ဒေါ်လေးကို ဝိုင်းကူလိုက်ဦးမယ်''

မမစောပြောပြီး မီးဖိုခန်းဘက် ထွက်သွားသည်။ ဖူးစာ တစ်

ယောက်တည်း အခန်းထဲမှာ ကျန်ရစ်ခဲ့၏ ။

ခုတင်ပေါ် ဝင်ထိုင်လိုက်တော့ နံရံပေါ်က မင်းသား မဏ္ဍိုင် မောင်က ဖူးစာကို ညီညာသွယ်တန်းသော သွားလေးတွေပေါ်အောင် ပြုံးပြလို့နေသည်။

မဏ္ဍိုင်မောင်ကို ဖူးစာ အပြင်မှာ နှစ်ကြိမ် သုံးကြိမ် မြင်ဖူး သည်။ ကြုံတိုင်းလည်း မဏ္ဍိုင်အနားမှာ မိန်းကလေးတွေ ဝိုင်းနေတာမို့ ဖူးစာ မိတ်ဆက်ခွင့်လေးတောင် မရခဲ့ပါ။

ဖူးစာ ဆန္ဒကလည်း အများနှင့်ရောနှောပြီး မိတ်ဆက်အော်တို ရေးခိုင်းတာမျိုး မလိုချင်ပါ။ မဏ္ဍိုင်မောင်နှင့် သီးသီးသန့်သန့် ဆုံတွေ့ပြီး ခင်မင်ချင်တာ ဖူးစာ အတောင့်တဆုံး ဆန္ဒပဲ ဖြစ်၏ ။

အခုတော့ ဒီအခွင့်အရေးကို ဖူးစာ ရခဲ့ပြီ။

မဏ္ဍိုင်မောင်နှင့် ရင်းရင်းနှီးနှီး ဆုံရမည့် အဖြစ်ကို တွေးကြည့် တော့ ဖူးစာ ရင်လေးတောင် ခုန်မိသည်။

နာမည်ကျော် မင်းသားဆိုတော့ ရှင် ကျွန်မကို အလေးအနက်မှ ထားပါ့မလား မဏ္ဍိုင်မောင်ရယ်။

*

''မင်းသားရေ သူလေးက အန်တီတို့ရဲ့ သမီးလေးလေ နာမည် က ရွှေဖူးစာကံ တဲ့''

အန်တီဆွေ ကိုယ်တိုင်က ဖူးစာကို မင်းသား မဏ္ဍိုင်မောင်နှင့် မိတ်ဆက်ပေးသည်။ ကုမ္ပဏီပိုင်ရှင်ကိုယ်တိုင်က သမီး ရင်းချာလို ပြောပြီး မိတ်ဆက်ပေးတာမို့ မဏ္ဍိုင်မောင်ကလည်း တရင်းတနှီး ဖူးစာကို ပြုံးပြသည်။

''ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ရွှေဖူးစာကံ''

လက်ကမ်းပေးပြီး နှစ်လိုဖော်ရွေသော အပြုံးလေးနှင့် မဏ္ဍိုင် မောင်ဆိုတော့ ဖူးစာ ခေါင်းလေးညိတ်ပြီး လက်ဆွဲနှုတ်ဆက် လိုက်ရသည်။နူးညံ့ပြီး နွေးထွေးနေသော မဏ္ဍိုင်မောင်၏ လက်ဖဝါး အထိအတွေ့ကြောင့် ဖူးစာ ရင်လေး ကတုန်ကယင်တောင် ဖိုသွားမိတဲ့ အထိပါပဲ။

''ပိုင်ရှင်ရဲ့ သားနဲ့သမီးတွေက တကယ့် အချောတွေပဲဗျာ၊ ကိုယ်တိုင်တွေပဲ သရုပ်ဆောင်လိုက်ရင်တောင် ဒီကုမ္ပဏီက ပစ္စည်းတွေ တဟုန်ထိုး နာမည်ကျော်သွားမှာ သေချာတယ်''

တမံနှင့်ဖူးစာကို ရည်ညွှန်းကာ မဏ္ဍိုင်မောင် ဆိုတော့ ဖူးစာ မျက်နှာလေး ပန်းနုသွေး လွှမ်းသွားသည်။ ဖူးစာကို မင်းသမီးတစ် ယောက်လို ချောမောသည်ဟု ချီးကျူးသည့် သဘော။

''ရွှဲ့ပြောတာတော့ မဟုတ်ပါဘူးနော် ကိုမဏ္ဍိုင်''

ခင်ခင်မင်မင် ရင်းရင်းနှီးနှီးပုံစံနှင့် မဏ္ဍိုင်မောင် ဆက်ဆံနေ တာမို့ ဖူးစာလည်း ပါးစပ်က ဘယ်လိုထွက်ကာ ပြန်ချေပ ပြောမိသည် မသိလိုက်ပါ။

''မရွှဲ့ရပါဘူး ရွှေဖူးစာကံရယ်၊ မျက်မြင်ထင်ရှားကြီးပဲဗျာ၊ အန်ကယ် ဦးနေနိုင်နဲ့ အန်တီ ဒေါ်သီရိဆွေတို့ သားနဲ့သမီးက တကယ် ချောတာပဲ''

မင်းသားအပြောကို အန့်တီဆွေနှင့်ဖူးစာ ပြုံးပြုံးလေး သဘော ကျကျနပ်နေပေမယ့် တမံကတော့ မရယ်မပြုံး မျက်နှာနှင့် ရပ်နေဆဲ ရှိ၏ ။

''ဟင် တော်ပြီလား ကိုမဏ္ဍိုင်၊ ခေါက်ဆွဲတွေ အများကြီးနော်၊ အဝစားပါ''

''တကယ် ဝသွားပြီ ရွှေဖူးစာ၊ ပြီးရင် ခြံထဲမှာ သရုပ်ဆောင်ရဦးမှာဆိုတော့ ဗိုက်ကြီးတင်းနေလို့ မဖြစ်ဘူး''

မဏ္ဍိုင်မောင် အနားမှာ ရွှေဖူးစာ တရစ်ဝဲဝဲနှင့် စေတနာ သဒ္ဓါတွေ ပိုမိုနေတာကို ကြည့်ကာ တမံ နှာခေါင်းတရှုံ့ရှုံ့ မျက်နှာကြီး တမဲ့မဲ့ ရှိနေသည်။

တမံ ဘယ်လိုပဲရှိနေပါစေ ဖူးစာကတော့ မဏ္ဍိုင်မောင် ခြံထဲ ဆင်းတော့လည်း ခြံထဲလိုက်ခဲ့သည်။ မမစောကလည်း ဖူးစာ နံဘေး ကပ်လိုက်ပြီး မဏ္ဍိုင်မောင်ကို အမှတ်တရ အော်တိုရေးခိုင်းနေ၏ ။

''ကိုမဏ္ဍိုင် မမစောက ဓာတ်ပုံတစ်ပုံလောက် အတူရိုက်ချင် လို့တဲ့''

''ရပါတယ် ရိုက်လေ၊ ရွှေဖူးစာကော ရိုက်မှာလား''

''ခွင့်ပြုရင် တစ်ပုံလောက် ရိုက်ချင်တာပေါ့''

''တစ်ပုံမကပါဘူးဗျာ၊ ကြိုက်သလောက်ရိုက် ရပါတယ်''

စူပါ ရွှေမင်းသားက ဖူးစာ စိတ်ထဲက ထင်မှတ်ထားသလို မဟုတ်ပါဘဲ မာန်မာနတွေ ကင်းစင်နေတာမို့ ဖူးစာ အရမ်း ပျော်မိသည်။

မဏ္ဍိုင်နှင့် ယှဉ်တွဲကာ ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်ဖြစ်သည်။ တမံကတော့ ခြံထဲက သစ်ပင်အောက်မှာ စက်အဖွဲ့သားတွေ နှင့် အတူ ထိုင်ကာ ထိုင်ကြည့်နေ၏ ။

ဖူးစာ စိတ်ကြိုက် ဓာတ်ပုံတွေ ရိုက်ပြီးမှပဲ မဏ္ဍိုင်မောင် ကြော်ငြာအတွက် သရုပ်ဆောင်နိုင်တော့သည်။

ငွေဆန်ဆန် ရိုက်ကူးသော ရိုက်ချက်တွေမှာ မင်းသား မဏ္ဍိုင်မောင် မြူးမြူးကြွကြွလေး သရုပ်ဆောင်နေတာကို ဖူးစာနှင့် မမစော မျက်တောင်လေး မခတ်တမ်း ကြည့်နေမိကြသည်။

နောက်ခံ ကြော်ငြာသီချင်းဖွင့်ပြီး မဏ္ဍိုင်မောင် သရုပ်ဆောင် နေတာကို ကင်မရာမန်းက အရအမိရိုက်သည်။ စက်အဖွဲ့သားတွေက မီးထိုး မှန်ထိုး ပံ့ပိုးပေးကြသည်။

တစ်နာရီလောက် သရုပ်ဆောင်ပြီးသွားမှပဲ ရှူတင်ရိုက်ကွင်း ပြီးဆုံးတော့သည်။

ဒါရိုက်တာအဖွဲ့နှင့်အတူ မဏ္ဍိုင်မောင်တို့ ခြံထဲက သစ်ပင်ရိပ် အောက်မှာ အအေးဘူးတွေ သောက်ကာ ထိုင်နားနေကြတော့ ဖူးစာ အနားမှာ မယောင်မလည်လေး ရပ်နေမိ၏ ။

အိတ္တွဲတွဲ ကျောက်စိမ်းရောင် အသားပေါ်မှာ အဆင်ကြီးကြီးတွေ ရှုပ်ယှက်ခတ်အောင်ပါသော အကျႌဒီဇိုင်းက အပြင်လူ တစ်ယောက် ဝတ်ထားလျှင် ဘယ်လိုမှ ကြည့်ကောင်းမှာ မဟုတ်ပါ။

အခုတော့ မဏ္ဍိုင်မောင်က မင်းသားမို့ ထင်သည်။ ကွာတား ဘောင်းဘီ ကာကီရောင်လေးနှင့် တွဲဖက်ဝတ်ဆင်ထားပုံက လိုက်ဖက် လွန်းနေသည်ဟု ဖူးစာ ထင်သည်။

သောက်လက်စ အအေးဘူးကို စားပွဲလေးပေါ် ပြန်တင်ပြီး မဏ္ဍိုင်မောင်ရဲ့ အကြည့်တွေ ဖူးစာဆီ ရောက်လာသည်။ စူးစူးရှရှ အကြည့်တွေက ဖူးစာရင်ကို လှုပ်ခတ်စေတာ အမှန်။ ဗီဒီယိုရုပ်ရှင်တွေထဲကထက် မဏ္ဍိုင်မောင်ရဲ့ မျက်နှာက ပိုလို့ ကြည်လင် ချောမောလွန်းနေသည်။

မမစောကလည်း ချောလိုက်တာဟု ရေရွတ်နေတာ အကြိမ် ကြိမ်။

တမံတို့ ဖေဖေ လေးလေးနိုင်က လက်ယပ်ခေါ်တော့ ဖူးစာ တဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံတွေကို ထိန်းကာ ခပ်သွက်သွက်လေး လှမ်းခဲ့သည်။

''မောင်မဏ္ဍိုင် ပြန်တော့မယ်တဲ့ သမီး၊ သားရေ လာဦးလေ''

ဖူးစာကို ပြောရင်း လေးလေးနိုင်က တမံကိုလည်း လှမ်းခေါ်သည်။ မဏ္ဍိုင်မောင်က ဖူးစာကို ပြုံးပြုံးလေးကြည့်ရင်း နှုတ်ဆက်သည်။

''ကိုယ်ပြန်တော့မယ် ရွှေဖူးစာ၊ ကျွေးမွေး ဂရုစိုက်တာ တွေအတွက် ကျေးဇူးတင်ပါတယ်''

''အို မဟုတ်တာ ဖူးစာတို့က ကျေးဇူးတင်ရမှာပါ ကိုမဏ္ဍိုင် ရယ်၊ ဓာတ်ပုံတွေအတွက်လည်း အရမ်းကျေးဇူးတင်ပါတယ်''

''ဒါက ကိုယ်ပရိသတ်အတွက် ကိုယ်တုံ့ပြန်တာပါ၊ ကိုယ့်အနု ပညာအတွက် ရွှေဖူးစာ ဝေဖန်အကြံပေးမယ်ဆိုရင်လည်း ကိုယ်က ကျေကျေနပ်နပ် လက်ခံနားထောင်မှာပါ ဟုတ်လား''

အော်တိုလက်မှတ် ရေးပေးစဉ်က ဖုန်းနံပါတ်ကိုပါ ရေးပေးခဲ့ သော မဏ္ဍိုင်မောင်ကို ဖူးစာ ပြုံးပြုံးလေး ခေါင်းညိတ်ပြမိ၏ ။

''ကိုနေတမံ ခွင့်ပြုဦးဗျာ''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ကိုမဏ္ဍိုင်မောင်''

တမံက လက်ဆွဲနှုတ်ဆက်ရင်း ကျေးဇူးတင်စကားတော့ ဆို သည်။ ဖခင်ဖြစ်သူရဲ့ စီးပွားရေးကိစ္စမို့ တမံ ကျေးဇူးတင်စကား ဆိုတာ မှန်း ဖူးစာ သိသည်။

ဆင်ဝင်အောက်မှာ ရပ်ထားသော ဃျူကားပြာကြီး အနား ရောက်တော့ မဏ္ဍိုင်မောင် ဖူးစာကို ပြန်ငဲ့ကြည့်ကာ လက်ကလေး ပြ နှုတ်ဆက်၏ ။ ဖူးစာလည်း လက်ကလေး ဝှေ့ရမ်းပြီး ပြန်နှုတ်ဆက် ဖြစ်ခဲ့သည်။

သူ့ကားလေး ခြံဝက မောင်းထွက်သွားတော့ ဖူးစာရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားတာအမှန်။

''နင့်လက်တွေ ပြုတ်ထွက်သွားဦးမယ် ဖူးစာ''

''ပြုတ်ပစေ ငါကတော့ အရမ်း အရမ်းကို ပျော်တယ် တမံ ရယ်''

မဏ္ဍိုင်မောင် အမှတ်တရ ရေးထိုးပေးခဲ့သော အော်တိုစာအုပ် လေးကို ရင်ခွင်ထဲ ပွေ့ပိုက်ထားရင်း ဖူးစာ ဆိုတော့ တမံ နှာခေါင်းရှုံ့ကြည့် ရင်း

''အရူးက ထဦးမယ်၊ ကြည့်လည်းထဦး ဖူးစာ၊ ကုမရ ဖြစ်နေ ဦးမယ် သိလား''

ပြောပြီးသည်နှင့် တမံ အိမ်ထဲကို လှည့်ဝင်သွား၏ ။ အရင်လို ဆိုရင်တော့ ဖူးစာ တစ်ခုခု ပြန်ပြောမိမှာ အသေအချာ။ ဒါပေမဲ့ ဒီအချိန် မှာ ဖူးစာ ဘာမှပြန်မပြောဖြစ်ပါ။

ရင်ထဲမှာ အပျော်တွေ ဝေနေတာကြောင့်ပဲ ဖြစ်သည်။ မာန မကြီးသော သူ့ကို ဖူးစာ အရမ်းစွဲလန်းသွားခဲ့၏ ။

ဖြစ်နိုင်လျှင် သူနှင့်ဖူးစာ နောက်ထပ် အကြိမ်ကြိမ် ဆုံတွေ့ချင် ပါသေးသည်။

''ကိုယ့်ကို သတိရရင် ဖုန်းဆက်လိုက်နော်''

ဘယ်သူမှ မသိအောင် အော်တိုထဲမှာ ဖုန်းနံပါတ် ရေးပေးရင်း ဆိုသွားသော သူ့စကားသံလေးကို ဖူးစာ မမေ့ပါ။

ရွှေမင်းသားလေးကြောင့် ရူးမယ်ဆိုလည်း ငါ ရူးလိုက်မှာ နင် ယုံလိုက် တမံ။

*

ဖူးစာ မနားတမ်းပြောသမျှကို ရွှေရည်နှင့် မိသော် ပါးစပ်လေး တွေ အဟောင်းသား နားထောင်နေကြသည်။

တမံနှင့် ထွင့်ထွင့်တို့ ယောကျ်ားလေးအုပ်စုကတော့ မျက်နှာတွေ ရှုံ့မဲ့ပြီး နားငြီးတယ်ဆိုသည့် အသွင်မျိုးတွေ လုပ်ပြနေ၏။ ဒါပေမဲ့ ဖူးစာကတော့ မမြင်ဟန်ဆောင်ပြီး ဆက်ပြောနေ၏။

''အပြင်မှာ ပိုပြီး နုတယ်ဟ၊ မာနလည်း လုံးဝ မကြီးဘူးနော် တမံ''

''မသိဘူးလေ''

တမံဘက်လှည့်ပြီး ထောက်ခံချက် တောင်းမိကာမှ တမံ ဘုစကားကြောင့် ဖူးစာ မျက်စောင်းလေး မကျေမနပ် ထိုးရင်း''ဘာမသိဘူးလဲ နင်နဲ့တောင် စကားတွေ ပြောသေးတယ် မဟုတ်လား''

''စကားပြောတာနဲ့ သူ မာနကြီးတာ မကြီးတာကို ငါက ဘယ်လိုလုပ်သိမှာလဲ''

''နင်ကတော့လေ သူများ စိတ်ကသိကအောက်ဖြစ်အောင် ကပ်သတ်ပြောရမယ်ဆို နှစ်ယောက်မရှိဘူး''

''နင် ဒီလိုမပြောနဲ့လေ၊ တမံပြောတာလည်း ဟုတ်တာပဲ၊ သူ့အတွင်းစိတ်ကို ဘယ်သူက အသေအချာ သိမှာလဲ''

တမံဘက်က ကြားဝင်ပြောလာသော ထွင့်ထွင့်ကို ဖူးစာ ချာခနဲလှည့်ကြည့် ရင်ဆိုင်ပြန်၏။

''လူ့အတွင်းသဘောဆိုတာ မျက်နှာမှာပေါ်လွင်တယ်ဟဲ့၊ သူ သာ ဘဝင်မြင့်ရင် သူ့ကိစ္စပြီးတာနဲ့ ပြန်မှာပေ့ါ၊ အခု သူက အားလုံး နဲ့ရင်းရင်းနှီးနှီး စကားတွေပြောတာ တမံကိုတောင် လက်ဆွဲ နှုတ်ဆက် သွားသေးတယ်''

''ဒါကတော့ဟာ သူက တမံတို့ကုမ္ပဏီက ငှားတဲ့ မင်းသားပဲ၊ ကုမ္ပဏီပိုင်ရှင်ရဲ့သားကို ဒီလောက်တော့ အရေးတယူ နှုတ်ဆက်ရမှာပေ့ါ''

အရေးထဲမှ တမံဘက်က ဝင်ဖားနေပြန်သော ကိုကျော်ကို ဖူးစာ ခပ်စူးစူး မျက်ဝန်းတွေနှင့် စိုက်ကြည့်ပစ်ရင်း

''နင်တို့က မင်းသား မဏ္ဍိုင်မောင်ကို မနာလိုဝန်တို ဖြစ်နေ တာပဲ''

အားလုံးကို အပြုထည်ကြီး စွပ်စွဲတော့ တမံ မခံနိုင်တော့ဘဲ ချက်ချင်း တုံ့ပြန်သည်။

''ဘာကို မနာလိုဖြစ်ရမှာလဲ၊ သူ မင်းသားဖြစ်တာ ဘာလုပ်ရမှာ လဲ၊ နင်တို့လို ခပ်ကဲကဲတွေရှိနေလို့ မင်းသားတွေက ရောင့်တက်နေတာ''

''တက်ပစေ နင်တို့တောင် သူ့လို ရောင့်တက်ချင်တိုင်း တက်လို့ ရသလား၊ သူ့ကံနဲ့သူ ဖြစ်လာတာကို ဣဿာစိတ်တွေ မပွားစမ်းပါနဲ့''

''နင့်ပါးစပ်ကိုပိတ်ထားစမ်း ဖူးစာ''

တမံ မျက်နှာကြီး နီကာ ဒေါသသံနှင့်ပြောတော့ ဖူးစာကလည်း ဆတ်ဆတ်ထိမခံ။

''ဟုတ်တာပြောတော့ နာပြီမဟုတ်လား''

''နာစရာအကြောင်းမရှိဘူး၊ အရည်မရ အဖတ်မရ စကားတွေ ကို အာညောင်းခံပြီး မပြောချင်လို့ ရှင်းလား''

''မရှင်းဘူး''

''မရှင်းလည်း မတတ်နိုင်ဘူး ဖူးစာ၊ ကဲ နင်တို့ဘာသာ လေ တွေပွပြီး ဖောရောင်လာအောင် ပြောကြ၊ သွားမယ် ဟေ့ကောင်တွေ''

အနိုင်ပိုင်းပြီး တမံ ကျောပိုးအိတ်ဆွဲ ထထွက်သွားတော့

ထွင့်ထွင့်နှင့်ကိုကျော်လည်း သုတ်ခနဲ ထလိုက်သွား၏။

''ဟဲ့ တမံ နင်တို့ စားထားတာ ရှင်းသွားဦး''

တစ်ချက်လေးတောင် ပြန်လှည့်မကြည့်ဘဲ သုတ်ချေတင် သွားသော တမံတို့သုံးယောက်ကို ဖူးစာ အံလေးကြိတ်ကြည့်ရင်း

''ကြည့်စမ်း အယုတ်တမာကောင်တွေ ယောကျ်ားဖြစ်ပြီး စိတ်တွေပုပ်စပ်လိုက်တာ''

''အေးလေ အလကား မနာလိုတိုရှည်တွေ ဖြစ်နေတာ''

''ဟုတ်ပ့ါ တမင်ညစ်သွားတာ''

ရွှေရည်ကော မိသော်ပါ မကျေမနပ်ပြောသည်။ ဖူးစာ စားပွဲ ပေါ်က ဆီချက်ပန်းကန်လွတ်တွေကော ကော်ဖီပန်းကန်တွေကိုပါ မျက်မှောင်လေးကျုံ့ကြည့်ရင်း ဒေါသတွေ အလျှားလိုက် ထွက်လာ၏။

''သိမယ် ငါ့အကြောင်း ကောင်းကောင်းသိမယ် တမံ ဟင်း''

ဖူးစာ မကျေမနပ် ပြောရုံသာ တတ်နိုင်၏။ အခုတော့ တမံတို့ မှိုစို့သွားသမျှ မလွဲမသွေ ရှင်းရတော့မည်။

''ကဲ ရှင်းလိုက်တော့ ဖူးစာ၊ မကျေနပ်ရင် အိမ်ကျမှ ပေါင်တွင်း ကြောကို နာနာလိမ်ဆွဲ သိလား ဖူးစာ''

ရွှေရည်က ရယ်ကျဲကျဲလေး နောက်တော့ ဖူးစာ ဒေါသစိတ်လေး ပိုလို့သွားခဲ့ကာ မျက်နှာလေး ရဲသွားရင်း

''အိမ်ကျမှ ပေါင်တွင်းကြော လိမ်ရအောင် တမံက ငါ့လင်မို့ လား''

ရွှေရည်နှင့်မိသော် ဖူးစာ ဒေါသထွက်နေတာကို ကြည့်ပြီး တခစ်ခစ် ရယ်နေတော့ ဖူးစာ စိတ်တိုလာကာ ကျောပိုးအိတ် ဆွဲကာ ရိုက်ဖို့ပြင်၏။

အခြေအနေကို ရိပ်မိသော ရွှေရည်တို့က ဖူးစာထက် လျင်မြန် စွာ ဆိုင်ထဲက သုတ်ခြေတင် ပြေးသည်။

''ဗိုင်းနာမတွေ''

ကျသင့်ငွေရှင်းပြီး ဖူးစာ စာသင်ခန်းဘက် ထွက်ခဲ့သည်။ ရွှေရည်နှင့်မိသော်တို့ကို အရိပ်လေးတောင် မမြင်ရတော့ပါ။

သေနာကောင် တမံ နှောင့်ယှက်တာကြောင့် မဏ္ဍိုင်မောင် အကြောင်းတွေကိုတောင် ဖူးစာ အားပါးတရ ပြောခွင့်မရလိုက်ပါ။ ဖူးစာကို ဖုန်းနံပါတ်ပေးခဲ့တာ ပြောလိုက်လျှင် တမံ ဘယ်လိုများ လှောင်ပြောင်ဦး မည် မသိ။

''ဟေး ကံကောင်းခြင်းတွေနဲ့ ပြည့်စုံသော မကံကောင်းလေး လာပါပြီရှင်''

ဖူးစာ အခန်းထဲ ဝင်လိုက်သည်နှင့် ရွှေရည် လှမ်းအော်သည်။ သီတာတို့အုပ်စုနှင့် ရွှေရည်တို့ အတူထိုင်နေသည်။

''ဖူးစာ နင် ငါတို့ကိုလည်း တစ်ခုခု ကျွေးသင့်တယ်''

''ကျောင်းဝင်းထဲမှာတော့ မရဘူးနော်၊ ရက်စတောရင့် တစ်ခုခု မှာ ကျွေးမှရမယ်''

နေရီတို့ သီတာတို့ ဗိုင်းတောင်းဆိုနေပုံထောက်လျှင် ရွှေရည် တို့တွေ ကြော်ငြာမောင်းခတ်လိုက်ပြီ ထင်ပါသည်။ ဖူးစာ ဘာမှမသိသလို မျက်မှောင်လေး ကျုံ့ပြီး ပြန်မေးလိုက်၏ ။

''ဘာလဲ ဘာတွေလာပြောနေတာလဲ''

''အံမယ် အိုဗာတွေ မလုပ်စမ်းပါနဲ့ ရွှေဖူးစာကံရယ်၊ နင်နဲ့ ရွှေမင်းသားလေး ဇာတ်လမ်း ငါတို့အားလုံး သိပြီးပြီနော်''

''ဩော် ဒါလား ဘာများလဲလို့''

ဖူးစာ တမင်ပဲ ပဲများပြရင်း စိတ်မဝင်စားသလို အရေးမကြီး သလို ဟန်နှင့် စားပွဲမှာ ကျောပိုးအိတ်လေး ပစ်တင် ဝင်ထိုင်လိုက်တော့ သီတာတို့ မကျေမနပ် မေတ္တာဝိုင်းပို့ကြသည်။

''ဟွန်း ကြည့်လို့ကို မရဘူး၊ ပဲကိုများတယ်''

''ဟုတ်ပဟယ် ကဲ ဒေါ်ပဲဖူးစာ၊ ဘာပဲဖြစ်ဖြစ် ရှင်တစ်ခုခုတော့ ကျုပ်တို့ကို ကျွေးရမယ်နော်''

''ဟုတ်တယ်ဟေ့ ရွှေမင်းသားနဲ့ ခင်မင်မှု အထိမ်းအမှတ်ပေါ့''

''ခင်မင်တာလောက်နဲ့တော့ မကျွေးနိုင်သေးဘူး၊ ချစ်သူတွေ ဖြစ်သွားတော့မှ ကျွေးမယ်''

ဖူးစာ ခပ်ကြွားကြွားနှင့် လေသံကျယ်ကျယ်လေး ပြောပစ်လိုက် တော့ ငြိမ်သက်စွာ ထိုင်နေသော တမံတို့ ယောကျ်ားလေး အုပ်စုဆီက တဟားဟား တဟင်ဟင်နှင့် လှောင်သံတွေ ထွက်လာသည်။

ထွင့်ထွင့်က အဆိုးဆုံး။ တအော့အော့နှင့် ဖူးစာမခံချင်အောင် အော့အန်ပြနေ၏ ။

''ဘယ်က ကိုယ်ဝန်သည် အန်နေတာလဲဟ''

''ထွင့်ထွင့် အန်နေတာ ဖူးစာရေ''

''ဟင် ဟုတ်လား ငါက သူ့ကို ယောကျ်ားစစ်စစ်ကြီး မှတ်နေ တာ''

''ခွေးမ ဖူးစာ''

ထွင့်ထွင့် မျက်နှာကြီး ရှုံ့မဲ့ကာ မေတ္တာပို့သလို အတန်းသားတွေ အားလုံး ဝိုင်းရယ်ကြတာ အတောမသတ်။

''နင်တို့ကလည်း ငါ့သူငယ်ချင်း ရွှေဖူးစာကို အထင်မသေးကြ ပါနဲ့''

''ပြောပြလိုက်စမ်း မိသော်''

''ငါ့သူငယ်ချင်း ဖူးစာကလေ မကြာခင်မှာ ရွှေမင်းသား မဏ္ဍိုင် မောင်ရဲ့ ဘောင်းဘီကို ခေါက်ရတော့မှာလေ''

''ဘာပြောတယ် မိသော်''

''နင်ကလည်းဟယ် ဒေါသချည်းပဲ၊ ဘောင်းဘီခေါက်ပြီဆိုမှ တော့ ရွှေမင်းသားနဲ့ ရည်းစားဖြစ်သွားလို့ပေ့ါဟ အဟီး''

မိသော် စပ်ဖြီးဖြီး မျက်နှာနှင့် ပြောသည့်စကားမဆုံးခင် ဖူးစာလက်ဖဝါးက မိသော် ကျောပြင်ပေါ် ဖြန်းခနဲ ကျသွား၏ ။

''ဖြန်း''

''အမယ်လေး သေပါပြီ တမံရေ၊ နင့်ဖူးစာကို နင် မပြောတော့ ဘူးလားဟဲ့''

မိသော် အော်ပြောရင်း ရှေ့ကပြေးတော့ ဖူးစာက နောက်က လိုက်ပြီးရိုက်နှင့် တစ်ခန်းလုံး ပွက်လောရိုက်ကုန်သည်။

တမံတို့အုပ်စုကတော့ ဖူးစာတို့နှစ်ယောက်အဖြစ်ကို ပြုံးကြည့် ကာ ရယ်မောလို့နေကြ၏ ။

တစ်ခန်းလုံးက တမံနှင့်ဖူးစာဆို ဒီလို နောက်ပြောင်တတ် ကြတာ မဆန်းတော့ပါ။ ရုပ်ရည်ချောမောတာကော မိဘအသိုင်း အဝန်းနှင့် ပြည့်စုံချမ်းသာမှုမှာပါ လိုက်ဖက်ညီလွန်းသော ဖူးစာနှင့် တမံကို အားလုံးက သဘောတူချင်ကြတာမို့ နောက်ပြောင်ကြသည်။

ကျောင်းဝင်းထဲမှာ နေတမံဆိုသော တမံရဲ့ အချစ်ကို မျှော်လင့် နေသော မိန်းကလေးတွေကလည်း အများကြီးပါပဲ။

အကြောင်းမသိသူတွေက ဖူးစာကို မနာလိုတိုရှည်တွေ ဖြစ်ကြ သည်။

အကြောင်းသိသူတွေကတော့ ဖူးစာကို အရေးပေး ပေါင်းသင်း တတ်ကြသည်။

ဖူးစာက တမံကို ပိုးနေသော ကောင်မလေးတွေဆီက ညာစား နေတာ တမံ လုံးဝမသိရှာပါ။ အဲဒီ ကောင်မလေးတွေ ကျွေးသမျှ ဖူးစာစား ပြီး တမံကို အမြှုပ်တစီစီထွက်မတတ် အောင်သွယ်လည်း လုပ်ပေးရ သေး၏။

ဒါပေမဲ့ နေတမံဆိုသည့် တမံက ဘယ်မိန်းကလေးကိုမှ စိတ် မဝင်စား အလေးမထားတော့ ဖူးစာ လက်မြှောက်အရှုံး ပေးခဲ့ရ၏။

အခု နောက်ဆုံးနှစ်အထိ တမံချစ်သူ မရှိသေးသလို ဖူးစာက လည်း ဘယ်ယောကျ်ားကိုမှ လက်မခံတော့ အားလုံးက ဖူးစာတို့ကို နောက်ပြောင်လို့ကောင်းနေတုန်း ရှိသည်။

ရွှေမင်းသား မဏ္ဍိုင်မောင်နှင့်ဖူးစာ ချစ်သူတွေ ဖြစ်သွားလျှင် တော့ အားလုံး အံ့သြသွားကြမည် ထင်သည်။

ဒီအချိန်မှာ ဖူးစာ ရင်ခုန်နေတာ မဏ္ဍိုင်မောင်ကြောင့်ဆိုတာ ဖူးစာကိုယ်တိုင်ပဲ သိပါသည်။

*